# Winrar နဲ့ ဘာတွေလုပ်လို့ ရသလဲ

winrar ဆိုတာတော့ လူတိုင်း သိကြပါတယ်။ တော်တော်လည်း အသုံးဝင်ပါတယ်။ သူလုပ်ပေးနိုင်တဲ့ function လည်းတော်တော်များပါတယ်။ အဲဒီအတွက် ကျနော် အပိုင်းလေးတွေနဲ့ သိသလောက်ပြောပြပါ့မယ်။ (မသုံးဘူးသေးတဲ့ လူတွေကအစ သိသွားအောင်ပေါ့) winrar မရှိတဲ့လူတွေက အောက်ပုံကို နှိပ်ပြီးယူလိုက်ပါ။




ဒီမှာ http://www.zshare.net/download/506095979b8dafcb/သူ့အတွက် Keygen path ပါ။ (winrar မရှိသေးတဲ့လူအတွက် ဖစ်ဖြည်လို့ရအောင် setup အတိုင်း အရင်ပေးလိုက်တာပါ။ ပုံကို နှိပ်ပြီး Download ချ အရင် run ။ ပြီးမှ path ကို download ချ ဖစ်ဖြည်ပြီး full ဖြစ်အောင် လုပ်ပေါ့)

## Winrar ဖြင့် ဖိုင်ချုံ့ခြင်း

ဒီ Function က လူတိုင်းသုံးတတ်တဲ့ သိတဲ့ function ဖြစ်ပါတယ်။ မိမိ ချုံ့ချင်တဲ့ ဖိုင်တွေ အားလုံးကို select လုပ်ပြီး right click လုပ်။ အောက်ပါအတိုင်း မြင်ရလိမ့်မယ်။



**Add to Archive** ဆိုတာက နှိပ်လိုက်တာနဲ့ Archie name and parameters ဆိုပြီး ပေါ်လာပါတယ်။ rar အမျိုးအစား ထားချင်တာလား zip နဲ့ထားချင်တာလား၊ ရွေးပေးလို့ ရသလို၊ အခြားသော options များကိုလည်း ပြောင်းလဲနိုင်ပါတယ်။ (တစ်ခုချင်း ထပ်ပြောပြပါ့မယ်)




**Add to .....** ဆိုပြီး Archive အောက်မှာ ပေါ်တဲ့ စာသားက လက်ရှိ ရှိနေတဲ့ folder နာမည်ကို အလိုလိုပေါ်ပေးတာဖြစ်ပါတယ်။ ဥပမာ - My Document ထဲမှာ ရှိတာတွေကို select လုပ်ပြီး R-Click လုပ်တာဆိုရင် Add To "My Document.rar" လို့ ပေါ်ပေးမှာဖြစ်ပါတယ်။ အောက်က ကျန်တာ နှစ်ခုက ဇစ်ချုံ့ပြီးတာနဲ့ email နဲ့ပို့ပေးဖို့ ဖြစ်ပါတယ်။ သိပ် မသုံးဖြစ်လှပါဘူး။ စိတ်ဝင်စားရင်တော့ စမ်းကြည့်ပေါ့။

ဒီနေရာမှာ ပြောစရာ ရှိလာတာက Winrar မှာ rar ရယ် zip ရယ် ဆိုပြီး ရှိပါတယ်။ ဘာကွာပါသလဲ။ သိတဲ့လူလည်း သိမှာပါ။ နေရာတစ်ခုမှာ upload တင်ရင် Folder လိုက်တင်ပေးလို့ မရပါဘူး။ အဲဒီ အတွက် သက်သက်ပဲ ဆိုရင်တော့ Zip ကို သုံးလို့ရပါတယ်။ zip နဲ့ ချုံ့ထားတာ ဆိုရင် winrar လို ဇစ်ဖြည်စရာ software မရှိလည်း ဒီတိုင်း ဖွင့်ကြည့်လို့ရပါတယ်။ ဖိုင်ဆိုဒ်တော့ သိသိသာသာ လျှော့သွားမှာ မဟုတ်ပါဘူး။
rar ကျတော့ zip ထက် ဖိုင်ဆိုဒ်ကို ပိုချုံ့ပေးပါတယ်။ rar ဖြည်ဖို့ software မရှိပဲ ဖွင့်ကြည့်လို့မရပါဘူး။ rar နဲ့ပဲ အသုံးများကြပါတယ်။

## ချုံ့ထားတာကို ပြန်ဖြည်မယ်

အဲဒီအတွက် ခုနက ချုံ့လိုက်လို့ ရလာတဲ့ rar ဖိုင်မှာ R-Click လုပ်လိုက်ရင် အောက်ပါအတိုင်း တွေ့ပါလိမ့်မယ်။




အပေါ်ဆုံးကတော့ နှိပ်လိုက်တာနဲ့ အဲဒီဖိုင်အတွက် options တွေထပ်ပေါ်ပါလိမ့်မယ်။(စမ်းကြည့်ပါ၊ သိပ်အရေးမပါတာတွေ နဲ့ ရှည်နေမှာစိုးလို့ပါ)
Extract Here ကို နှိပ်ရင်တော့ မိမိ ချုံ့ခဲ့စဉ်ကအတိုင်း လက်ရှိနေရာမှာပဲ ပြည်ကျလာပါလိမ့်မယ်။
Extract ... ဆိုတာကတော့ လက်ရှိနေရာရဲ့ နာမည်ကို ယူပြီး folder အသစ်တစ်ခုမှာ ဇစ်ထဲက ဟာတွေ အားလုံး သွားဖြည်ပေးမှာဖြစ်ပါတယ်။ ဥပမာ-My Document ထဲမှာ ရှိတဲ့ဖိုင်ကို R-Click လုပ်တာဆိုရင် Add To "My Document" လို့ ပေါ်ပေးမှာဖြစ်ပါတယ်။

## Password ထားမယ်

ဖိုင်ချုံ့ရင် password ပေးထားလို့ရပါတယ်။ အချို့သော ဖိုရမ် များမှာ မိမိဖိုရမ် က ပေးတဲ့ download မှန်သမျှကို သူ့ဖိုရမ် url ကို password ပြန်ထားပါတယ်။ ဖိုရမ်လိပ်စာကိုလည်း မှတ်မိသွားအောင်ပေါ့။ မိမိရဲ့ သူများ မကြည့်စေချင်တဲ့ ဖိုင်၊(သို့) ကိုချစ်သူမှလွဲ၍ သူများဖွင့်ကြည့်လို့ မရအောင်လည်း ဇစ်ကို password ပေးပြီးပို့ပေးလို့ရပါတယ်။ အဲဒီအတွက် ချုံ့ချင်တဲ့ ဖိုင်တွေကို အပေါ်ဆုံးမှာ ပြောခဲ့တဲ့အတိုင်း Select လုပ် ။ R-Click လုပ်ပြီး Add to Archive ကို နှိပ်ပါ။ အောက်ပါအတိုင်း ပေါ်လာတဲ့ box ရဲ့ Advanced ဆိုတဲ့ tab မှာ Set password ဆိုတာလေးကို နှိပ်ပေးပါ။




အောက်ပါအတိုင်း password နှစ်ခါရေးပေးရပါတယ်။ ပြီးရင်တော့ OK နှစ်ခါ ဆက်ပေးပေါ့ဗျာ ။



အဲဒီဖိုင်ကို ပြန်ဖြည်ဖို့လုပ်တာနဲ့ အောက်ပါအတိုင်း password တောင်းပါတယ်။ မထည့်မချင်း ဘယ်လိုမှ အထဲမှာ ရှိတာတွေကို မြင်ရမှာ မဟုတ်ပါဘူး။




တကယ်လို့ password မေ့သွားခဲ့ရင်တော့ recovery လုပ်လို့ရတဲ့ software တွေ ရှိပါတယ်။ သက်သက် ထပ်ရေးပါ့မယ်။

## File Split

ဒီ function ကလည်း ဘလော့ဂါတွေ လုပ်နေကြပါလေ။ Software တစ်ခုကို Share ပေးချင်တယ်ဗျာ။ ဒါပေမယ့် Hosting ဆိုက်တွေက ဖိုင်တစ်ခုကို 100 Mb ပဲ upload တင်လို့ရတယ်။(Rapid Share ကတော့ 200 Mb ရပါတယ်)
အဲဒီအတွက် ဖိုင်တွေကို အပိုင်းလေးတွေပိုင်းပြီး တင်ပေးရပါတယ်။ ကျနော်တစ်ခုဥပမာ ခွဲပြပါ့မယ်။ Photoimpact X3 ဆိုတာလေးကို share ချင်တယ်ဗျာ။ point လုပ်ပြီး ကြည့်လိုက်တော့ 161 MB ရှိနေတယ်။



အဲဒါကို R-Click လုပ်ပြီး Add to Archive ကို နှိပ်လိုက်ပါတယ်။ ပေါ်လာတဲ့ box မှာ အောက်ပါအတိုင်း Split to Volumes, bytes ဆိုတဲ့ နေရာမှာ Zip 100: 98078kb ကို ရွေးပေးလိုက်ပါ။ ပြီးရင်တော့ OK နှိပ်ပေါ့။




အောက်ပါအတိုင်းပဲ အဲဒီ ဖိုင်နာမည်နဲ့ part 1, part 2 ဆိုပြီးပေါ်လာပါတယ်။ အပိုင်းတစ်ခုကို 100Mb ခွဲလိုက်တာဖြစ်ပါတယ်။ (တကယ်လို့ ဖိုင်က 500Mb ရှိတာကို ခွဲရင်တော့ ၅ ပိုင်းဖြစ်မှာပေါ့)




အဲဒါကို ပြန်ပေါင်းဖို့ အတွက် part 1 ကို R-Click လုပ်ပြီး အပေါ်မှာပြောခဲ့တဲ့အတိုင်းပါပဲ ကြိုက်တာနဲ့ဖြည်လိုက်ပါ။ သူ့ဟာသူ ပြန်ပေါင်းသွားပါလိမ့်မယ်။ (အစိတ်အပိုင်းအားလုံး တစ်နေရာထဲမှာ ရှိမယ်ဆိုရင်ပေါ့၊ မရှိရင်တော့ မိမိကို ရှာခိုင်းမှာဖြစ်ပါတယ်။ ဥပမာ- အပိုင်း ၂ မရှိတော့ဘူးဆိုရင် ရှာမတွေ့ဘူး ဆိုတဲ့အကြောင်းပြောပြီး မိမိကို ရှာခိုင်းပါမယ်။ ထုံးစံအတိုင်း Browse ကို နှိပ်ပြီး အပိုင်း ၂ ကို ရှာပေးလိုက်ပေါ့)

## Set up ဖိုင်တစ်ခုလုပ်ခြင်း

ဒီ Function ကို တော့ လူသိနည်းလိမ့်မယ်ထင်တယ်။ အသုံးလည်း နည်းတယ်လေ... ။ logon screen လုပ်နည်း ကိုပြန်ကြည့်ပါ။ Software တစ်ခု run တယ်ဗျာ။ မိမိညွှန်းလိုက်တဲ့နေရာကို ဖိုင်တွေ ရောက်သွားမယ်။ ဒါမှမဟုတ် အစားဝင်မယ်။ logon screen လုပ်တာအပြင် မိမိရဲ့ စိတ်ကူးဉာဏ်ကောင်းသလို အသုံးဝင်ပါတယ်။

## Winrar ဖြင့် Hidden file များ ရှာဖွေခြင်း

ဒါကိုတော့ သိကြမယ်ထင်ပါတယ်။ winrar ရဲ့ Address bar မှာ မိမိ ကြည့်ချင်တဲ့ local ကို ရိုက်ထည့်လိုက်ရင် အဲဒီထဲမှာ ရှိသမျှဖိုင် အားလုံးကို ပြပေးနိုင်ပါတယ်။ ကျနော် ဗိုင်းရပ် ဖြေရှင်းတိုင်း winrar ကို သုံးပါတယ်။ ကျနော့်ရဲ့ ဗိုင်းရပ် အကြောင်းရေးခဲ့တာကို ပြန်ဖတ်ရင် ဒီခေါင်းစဉ်ကို နားလည်မှာပါ။




## Winrar ရဲ့ ဒီဇိုင်း ပြောင်းခြင်း

winrar ကို Default theme အတိုင်း သုံးတာထက်စာရင် ဒီဇိုင်းလေးတွေ ပြောင်းသုံးတာက ပိုမိုက်တယ်ဗျ။ လွယ်လည်း လွယ်ပါတယ်။ အောက်ပါအတိုင်း winrar ကို Start - all programs ကနေဖွင့် ။ အောက်မှာပြထားတဲ့အတိုင်း Options - Themes - Get more themes ကို နှိပ်လိုက်ရင် theme တွေကို free download လုပ်ဖို့ သူ့ရဲ့ ဆိုက်ပေါ်ပါတယ်။ ဒီနေရာကို http://www.rarlab.com/themes.htmနှိပ်ကြည့်ပါ။




အောက်ပါအတိုင်း မိမိ ကြိုက်တဲ့ ဒီဇိုင်းနဲ့ အရွယ် အစားကို ရွေးပါ။ (အရွယ်အစားဆိုတာက winrar main windows မှာပေါ်နေမယ့် အရွယ်ဖြစ်ပါတယ်။)




ကျနော်အပေါ်မှာ ပြထားတဲ့နေရာကို နှိပ်တာနဲ့ ဒေါင်းလုပ်ကျလာမှာပါ။ အောက်ပါပုံအတိုင်း ရိုးရိုး rar ဖိုင် icon အတိုင်းပဲ ဖြစ်ပါတယ်။




အဲဒါလေးကို run လိုက်ရင် အောက်ပါအတိုင်းပေါ်ပါတယ်။




OK ပေးလိုက်ရင် အောက်ပါအတိုင်းထပ်ပေါ်ပါတယ်။(ဘာသာပြန်ပြမနေတော့ပါဘူး)




ဖွင့်ထားတဲ့ winrar windows ကို ပိတ်ပြီး All programs ကနေ ပြန်ဖွင့်လိုက်ပါ။ ပြီးရင် Options - Themes - ကနေ ခုနက run လိုက်တဲ့ theme ကို ရွေးပေးလိုက်ပါ။




အောက်ပါအတိုင်း rar ဖိုင်ရဲ့ icon တွေရော၊ winrar ရဲ့ menu bar တွေပါ ပြောင်းသွားတာကို တွေ့ရပါလိမ့်မယ်။




ကျန်တာတွေလည်း လုပ်လို့ရတာတွေ ရှိပါသေးတယ်။